ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပညာရေးမြှင့်တင်မှုကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၆) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဦးစောဇော်ဝင်း | ကရင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| ( ဂ ) | ဦးဝင်းတင့် | စစ်ကိုင်းတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ဆန်းထူး | ကချင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| ( င ) | ဦးဉာဏ်ထွန်း | တနင်္သာရီတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| ( စ ) | ဒေါ်မာလာဆန်း | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ပူနန်ခင်းဇမ် | ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဇ) | ဦးစောသွင် | မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဈ) | ဦးလွှမ်းမိုးနိုင် | စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ည) | ဗိုလ်မှူးကြီးအောင်အောင်ဟိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဗိုလ်မှူးကြီးမျိုးမင်းသန့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးဇော်ဝင်းထွဋ် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူး ဇော်မင်းလတ် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီး/ဗိုလ်မှူးသက်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၁) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ခ) ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဂ) ကလေးတိုင်း အခြေခံပညာရေး ပြီးမြောက်ရန်နှင့် ဆက်လက်ပညာသင်ကြားနိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဃ) အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် ရွေးချယ်မှုစနစ် ပြုပြင်ပြောင်းလဲရေးကို ကူညီဆောင်ရွက်ပေးရန်၊

(င) ဆရာ၊ ဆရာမများ၏ သင်ကြားရေးနည်းစနစ် ပြုပြင်ပြောင်းလဲရေးကို ကူညီဆောင်ရွက်ပေးရန်၊

(စ) သင်ရိုးညွှန်းတမ်းနှင့် စာမေးပွဲစနစ် ပြုပြင်ပြောင်းလဲရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဆ) ကျောင်းသူ/ကျောင်းသားများ၏ ဗလငါးတန်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဇ) သင်ကြားရေးအဆောက်အအုံ၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် ဆရာ/ဆရာမများ ပြည့်စုံလုံလောက်ရေးကိုလည်း ကူညီဆောင်ရွက်ပေးရန်၊

(ဈ) ဆရာ/ဆရာမများ၏ လူနေမှုဘဝ အဆင်ပြေချောမွေ့ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ည) ပညာသင်ကြားရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အကြံပြုရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဋ) ကော်မတီသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့တင်ပြရန်၊

(ဌ) တည်ဆဲဥပဒေများနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရန်၊

(ဍ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် မိမိတာဝန်များကိုဆောင်ရွက်ရာတွင် အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့ အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ ပညာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လိုအပ်သောဒေသများသို့ အမျိုးသားလွှတ်တော်ရုံး၏စီစဉ်မှုဖြင့် သွားရောက်လေ့လာဆောင်ရွက်နိုင်သည်၊

(ဂ) နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသည့် ပညာရေးနှင့်သက်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့ သွားရောက်လေ့လာ မေးမြန်းဆွေးနွေးနိုင်သည်၊

(ဃ) အစိုးရနှင့် အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်သည်၊

(င) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများအား အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဖိတ်ကြား ဆွေးနွေးမှုပြုနိုင်သည်၊

( စ )  ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိသည်၊

(ဆ)  ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရမည်၊

( ဇ )  ကော်မတီသည် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်လိုခြင်း၊ တွေ့ဆုံဆွေးနွေးလိုခြင်း၊ အကြံဉာဏ်များပေးခြင်း၊ အကြံဉာဏ်များရယူခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ သွားရောက်လေ့လာလိုခြင်းများ ပြုလုပ်လိုပါက လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ရမည်၊

( ဈ )  ကော်မတီသည် လိုအပ်သည့်နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ ထံသို့ ခွင့်ပြုချက်ရယူရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။  ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။  ကော်မတီဝင်များသည် -

(က)  ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ခ )  ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

( ဂ )  ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ